# မြန်မာနိုင်ငံ ကျန်းမာရေးအကူအညီနှင့် အာဟာရပံ့ပိုးမှု (HANS) စီမံချက်

စီမံချက်၏ ပတ်ဝန်းကျင်နှင့် လူမှုစီမံခန့်ခွဲရေး မူဘောင် (ESMF) အကျဉ်းချုပ်

နိုင်ငံတကာ ဖွံ့ဖြိုးရေး အဖွဲ့အစည်း (IDA) သည် မြန်မာနိုင်ငံ ကျန်းမာရေးအကူအညီနှင့် အာဟာရပံ့ပိုးမှု စီမံချက်ကို ငွေကြေးထောက်ပံ့ရန် စီစဉ်နေပါသည်။ ယခုစီမံချက်သည် မြန်မာနိုင်ငံတွင် ပဋိပက္ခနှင့် သဘာဝ ဘေးအန္တရာယ်များကြောင့် ထိခိုက်နစ်နာသူများ၊ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးများနှင့် ထိခိုက်လွယ်သူများအား အရေးပေါ် အခြေအနေတွင် လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုနှင့် အာဟာရပံ့ပိုးမှု အကူအညီများ အမြန်ဆုံး ပေးအပ်နိုင်ရန် ရည်ရွယ်သည်။ UNOPS နှင့် UNICEF မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် ယခုစီမံချက်သည် လိုအပ်သူများအား အသက်ကယ် ဝန်ဆောင်မှုနှင့် အကူအညီများ ပေးအပ်နိုင်ရန် ယင်း UN အဖွဲ့အစည်းများကြားရှိ မိတ်ဖက်လက်တွဲဆောင်ရွက်မှုကို အခြေပြုသွားမည်ဖြစ်သည်။

စီမံချက်လုပ်ငန်းများတွင် ရပ်ရွာဒေသအဆင့်နှင့် ကျန်းမာရေးဆေးပေးခန်း/ဌာနများတွင် အခြေခံကျန်းမာရေးနှင့် အာဟာရ ဝန်ဆောင်မှုများ ပေးအပ်ခြင်း၊ ဆေးရုံနှင့် ဆေးခန်းများတွင် ဒုတိယအဆင့် ကျန်းမာရေးနှင့် အာဟာရ ဝန်ဆောင်မှုများ ပေးအပ်ခြင်းနှင့် အရေးပေါ် ငွေကြေးအကူအညီပေးအပ်ခြင်းများ ပါဝင်သည်။ ၎င်းအပြင် အခြေခံ ရေ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် မိလ္လာစနစ် (WASH) ဆိုင်ရာ ဝန်ဆောင်မှုများနှင့် ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများလည်း ပါဝင်ပါသည်။ ဝန်ဆောင်မှု ပေးအပ်ခြင်းကဏ္ဍတွင် မိခင်၊ မွေးကင်းစနှင့် ကလေး ကျန်းမာရေး၊ ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှု၊ ကျားမအခြေပြု အကြမ်းဖက်မှုဆိုင်ရာ ပံ့ပိုးမှုနှင့် မကူးစက်တတ်သော ရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုတို့ ပါဝင်သည်။ UN အဖွဲ့အစည်းများသည် မိတ်ဖက်အဖွဲ့အစည်းအဖြစ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) နှင့် လက်တွဲဆောင်ရွက်သွားမည် ဖြစ်သည်။ ယခုစီမံချက်ကို မြန်မာနိုင်ငံရှိ ထိခိုက်လွယ်လူအုပ်စုများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများအတွက် ဦးတည်ဆောင်ရွက် သွားပါမည်။

စီမံချက်လုပ်ငန်းများတွင် ကျန်းမာရေးအဆောက်အအုံများ တည်ဆောက်ခြင်း သို့မဟုတ် ပြန်လည်ပြုပြင်ခြင်းများ မပါဝင်ပါ။ သို့ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်ဟုဆိုလျှင် အဓိကအားဖြင့် ကျန်းမာရေး အဆောက်အအုံများနှင့် ရွေ့လျားဆေးခန်းများမှ ထွက်ရှိလာမည့် ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများသာ ပါဝင်ပါသည်။ ထိုအန္တရာယ်များတွင် ရပ်ရွာဒေသ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့အပေါ် သက်ရောက်မှုရှိနိုင်သည့် ချွန်ထက်သောပစ္စည်းများ၊ ဆေးထိုးအပ်များ၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းစဉ်တွင် အသုံးပြုသည့် ပစ္စည်းများ၊ အသုံးပြုပြီး ပုလင်းများ၊ လူ့တစ်သျှူးစများနှင့် သွေးစ အစရှိသည့် ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများကို ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့ ပါဝင်ပါသည်။ ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများသည် မြေဆီလွှာနှင့် ရေကို ညစ်ညမ်းစေနိုင်ပြီး ၎င်းတို့ကိုစွန့်ပစ်ခြင်းမှ ရေတွင်း၊ ရေကန်များ ပျက်စီးမှုကို ဖြစ်စေနိုင်ပါသည်။

ကျန်းမာရေးအဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှုအားနည်းပါက အများပြည်သူကိုအနှောက်အယှက်ဖြစ်စေခြင်းနှင့် အမြင်မတင့်တယ်ခြင်းစသော အန္တရာယ်များဖြစ်နိုင်ပါသည်။ အမှိုက်မီးရှို့စက်အစရှိသော ဆေးရုံများမှ ထွက်သော ဓာတ်ငွေ့များကြောင့်လည်း လေထုညစ်ညမ်းမှုဖြစ်စေနိုင်သည်။ မီးရှို့ခြင်း/ပြန်လည်သန့်စင်ခြင်းပြုလုပ်သည့်

ကိရိယာများ၏ လုပ်ဆောင်နိုင်စွမ်းနှင့်အရည်အသွေးတို့သည် အကန့်အသတ်ရှိနိုင်ပြီး ယာယီမီးရှို့စက်များ အသုံးပြုခြင်း၊ လေဟာပြင်ထဲတွင် မီးရှို့ခြင်း သို့မဟုတ် စွန့်ပစ်ပစ္စည်းများကို အထွေထွေအမှိုက်သရိုက်များနှင့်ရောစွ၍ စွန့်ပစ်ခြင်းများသည် အများပြည်သူနှင့် သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေပါသည်။ ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများကို သိုလှောင်ရန်နေရာ မလုံလောက်ခြင်း၊ သေချာစုစည်းမထားခြင်းနှင့် အချိန်မီ မစွန့်ပစ်ခြင်း တို့သည် လေလွင့်တိရစ္ဆာန်များနှင့် အမှိုက်ကောက်သူများကို ဆွဲဆောင်နိုင်ပြီး ကပ်ပါးရောဂါ၊ ရေနှင့် အစားအစာမှ တစ်ဆင့်ကူးစက်တတ်သည့်ရောဂါများ ပေါက်ဖွားရာနေရာများ ဖြစ်လာနိုင်သည်။ ပြင်ဆင်မှုအဆင့်တွင် ကာကွယ်ဆေးများကို ထည့်သွင်းစဉ်းစားမည်ဆိုပါက ဘဏ်မှချမှတ်ထားသော ESF မူဘောင် နှင့်အညီ လိုအပ်သည့် အအေးထိန်းပစ္စည်းများနှင့် ကိုင်တွယ်ရေးနည်းလမ်းများအတိုင်း ကိုင်တွယ်ထိန်းသိမ်းခြင်းဖြင့် ကာကွယ်ဆေးများ၏ အရည်အသွေးကို သင့်လျော်စွာ ထိန်းချုပ်ရန် လိုအပ်သည်။

လူမှုဆိုင်ရာ အန္တရာယ်များတွင် အဓိကအားဖြင့် အားနည်းသူများနှင့် ထိခိုက်လွယ်သူများကို ဖယ်ကြဉ်ထားခြင်းနှင့် လုပ်အားနှင့် လုပ်ငန်းခွင်အခြေအနေဆိုင်ရာ အန္တရာယ်များပါဝင်ပါသည်။ ကျန်းမာရေးလုပ်သားများအတွက် လုပ်ငန်းခွင်အတွင်း ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များ၊ ရောဂါကူးစက်မှု အန္တရာယ်များ၊ ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများကြောင့် ညစ်ညမ်းမှုဖြစ်ပွားခြင်းဆိုင်ရာ အန္တရာယ်များလည်းပါဝင်သည်။ ထို့အပြင် လုပ်သားများအတွက် လုံခြုံရေးဆိုင်ရာ အန္တရာယ်များ၊ လုပ်အားနှင့် လုပ်ငန်းခွင်ဆိုင်ရာ ချိုးဖောက်မှုများ၊ ကိုယ်ရေးကိုယ်တာအချက်အလက်များအား ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ခြင်းနှင့် အလွဲသုံးစားပြုခြင်း သို့မဟုတ် စီမံချက်ဝန်ထမ်းများ သို့မဟုတ် စီမံချက်နှင့်ဆက်စပ်မှုရှိသူများကြား လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု၊ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုစသည့် အန္တရာယ်များလည်းပါဝင်သည်။

အန္တရာယ်များနှင့် သက်ရောက်မှုများကို စီမံခန့်ခွဲရာတွင် ပတ်ဝန်းကျင်နှင့် လူမှုစီမံခန့်ခွဲရေးမူဘောင် (ESMF) တွင် ပါဝင်သည့် အန္တရာယ်လျော့ကျသက်သာစေရေးအစီအမံအဆင့်ဆင့် (ရှောင်ရှားခြင်း၊ လျှော့ချခြင်းနှင့် အလျော်ပေးခြင်း) ကိုအသုံးပြုသွားမည်ဖြစ်သည်။ စီမံချက်အကောင်အထည်ဖော်ရာတွင် စီမံချက်နေရာနှင့် အသေးစိတ်သွင်ပြင်လက္ခဏာများကို တိကျစွာဖော်ထုတ်သတ်မှတ်ပြီးသည်နှင့် အဆိုပါ အန္တရာယ်များနှင့် သက်ရောက်မှုများကို စီမံခန့်ခွဲသွားပါမည်။ စီမံချက်၏ ESMF မူဘောင်တွင် အန္တရာယ် လျှော့ချရေးအတွက် လုပ်အားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု၊ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှု ကာကွယ်ရေး အစီအစဉ်၊ ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်၊ လူမှုရေးအကဲဖြတ်မှုစသည်တို့ကို ထည့်သွင်းလုပ်ဆောင်သွားမည်ဖြစ်သည်။ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အန္တရာယ် လျှော့ချရေးအတွက် စီမံခန့်ခွဲမှုများကို ဒေသဆိုင်ရာ ဥပဒေများနှင့် ကမ္ဘာ့ဘဏ်၏ ESF မူဘောင်များကို အခြေခံထားပါသည်။

ESMF မူဘောင်သည် စီမံချက် အကောင်အထည်ဖော်စဉ်အတွင်း လိုက်နာရမည့် အခြေခံစည်းမျဉ်းများနှင့် လုပ်ပိုင်ခွင့်များကို ချမှတ်ပေးထားသည်။ ထိုအချက်များတွင် ပတ်ဝန်းကျင်နှင့် လူမှုဆန်းစစ်ခြင်း၊ သက်ဆိုင်ရာ စာရွက်စာတမ်းပုံစံများကို လိုအပ်သလို ပြင်ဆင်ထားခြင်းတို့ ပါဝင်သည်။ အဆိုပါ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စာရွက်စာတမ်းများအားပြင်ဆင်ရာတွင် အကျိုးခံစားခွင့်ရှိသူများ၊ အဖွဲ့အစည်းဆိုင်ရာပတ်သက်ဆက်နွှယ်သူများနှင့်  ညှိနှိုင်းတိုင်ပင်ဆွေးနွေးရမည်။

စီမံချက်၏ ပတ်သက်ဆက်နွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းအစီအစဉ် (SEP) တွင် စီမံချက်နှင့် သက်ဆိုင်သော ပတ်သက်ဆက်နွယ်သူများအားလုံးနှင့် ပွင့်လင်းမြင်သာမှုရှိသော ပူးပေါင်းဆောင်ရွက်မှုကို အလေးပေးထားသည်။ ပတ်သက်ဆက်နွယ်သူဟုဆိုရာတွင် စီမံချက်၏ အကျိုးသက်ရောက်ခံရသူများနှင့် အခြားသောစိတ်ပါဝင်စားသူများလည်း အကျုံးဝင်သည်။ ဤအစီအစဉ် (SEP) တွင် ပတ်သက်ဆက်နွယ်သူများ၏ တုံ့ပြန်ချက်များနှင့် စိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစားပေးခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ရန်၊ အားလုံး အကျုံးဝင် ပါဝင်လာရန်နှင့်  စီမံချက်အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်မှုရှိလာစေရန် ရည်ရွယ်သည်။ SEP တွင် စီမံချက်တစ်လျှောက် သတင်းအချက်အလက် ထုတ်ပြန်ခြင်းနှင့် စဉ်ဆက်မပြတ်ညှိနှိုင်းဆွေးနွေးခြင်းတို့ ပြုလုပ်ရန် ပြည့်စုံသော မဟာဗျူဟာကို ဖော်ပြထားသည်။ အဆိုပါဗျူဟာသည် သတင်းအချက်အလက်များကို အများနားလည်နိုင်သော နည်းလမ်းဖြင့် အချိန်မီဖြန့်ဝေရန်နှင့် ထိုသို့ဖြန့်ဝေရာတွင် ရှိလာနိုင်သည့် ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ အတားအဆီးများကိုလည်း ထည့်သွင်းစဉ်းစားထားသည်။ SEP တွင် အမျိုးသမီးများ၊ ကလေးများ၊ လူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် လူနည်းစုများစသည့် အားနည်းသူ၊ ထိခိုက်လွယ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့် တိကျသည့် နည်းနာများပါဝင်သည်။ သို့မှသာ ၎င်းတို့၏ အသံနှင့် လိုအပ်ချက်များကိုထုတ်ဖော်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

စီမံချက်နှင့် သက်ဆိုင်သည့် ဖြစ်နိုင်ခြေရှိသော တိုင်ကြားမှုများကို လက်ခံရန်၊ ဖော်ထုတ်ရန်နှင့် ဖြေရှင်းရန်အတွက် ပြည့်စုံသော တိုင်ကြားမှု ဖြေရှင်းရေး ယန္တရား (GRM) ကို တည်ဆောက်ကာ စီမံချက်၏ အကျိုးသက်ရောက် ခံရသူများနှင့် စီမံချက်ဝန်ထမ်းများ၏ စိုးရိမ်ကြောင့်ကြမှုများ၊ တိုင်ကြားမှုများကို ဖြေရှင်းပေးသွားမည်။ အဆိုပါ ယန္တရားကို အားလုံးအကျုံးဝင်ပါဝင်နိုင်ရန်၊ လက်လှမ်းမီရန်နှင့် ယဉ်ကျေးမှုနှင့်လျော်ညီရန် ဒီဇိုင်းဆွဲထားမည် ဖြစ်သည်။ ပတ်သက်ဆက်နွယ်သူများအားလုံး တိုင်ကြားနိုင်ပြီး ၎င်းတို့၏ ပြဿနာများအတွက် ဖြေရှင်းချက် ရရှိစေ ရမည်။

တိုင်ကြားမှု ဖြေရှင်းရေး ယန္တရား (GRM) သည် အလွှာအဆင့်ဆင့်ပါသောစနစ်ဖြင့်လည်ပတ်ပြီး ကနဦးတိုင်ကြားမှုကို မိတ်ဖက်အဖွဲ့အစည်း အဆင့်တွင် စတင်လက်ခံမည်။ တိုင်ကြားမှုကို အကြံပြုစာပုံးများ၊ စီမံချက်ဝန်ထမ်းနှင့် တိုက်ရိုက်ဆက်သွယ်မှုများ၊ ဖုန်းလိုင်းများနှင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများစသည့် နည်းလမ်းပေါင်းစုံမှ လက်ခံရယူ ပါမည်။ တိုင်ကြားမှုများကို အလုပ်ချိန်နှစ်ရက်အတွင်း အမျိုးအစားခွဲခြားခြင်း၊ လက်ခံရရှိကြောင်း အသိအမှတ် ပြုခြင်းတို့ ပြုလုပ်ပြီး တာဝန်ရှိသူထံ လွှဲပြောင်းပေးအပ်ကာ ဆက်လက်ဆောင်ရွက်သွားမည်။ တာဝန်ရှိသူက တိုင်ကြားမှုကို ဒေသတွင်း မိတ်ဖက်အဖွဲ့အဆင့်တွင်ဖြေရှင်းရန် သို့မဟုတ် UNOPS သို့ ဆက်လက်တင်ပြဖြေရှင်းရန် စသဖြင့် သင့်လျော်သည့်အဆင့် သတ်မှတ်မည်။ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှု (SEA) နှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု (SH) ကဲ့သို့သော ထိခိုက်လွယ်ကိစ္စရပ်များအတွက် သီးခြားလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပြီး ထိခိုက်နစ်နာသူ၏အကျိုးကို အဓိကဦးစားပေးသွားမည်။ တိုင်ကြားမှုလက်ခံသူ အားလုံးသည် ထိုကဲ့သို့သော ကိစ္စရပ်များကို စာနာမှုနှင့် လျှို့ဝှက်လုံခြုံမှုရှိစွာ ကိုင်တွယ်နိုင်ရန် လေ့ကျင့်ထားပြီး ဆက်လက် အရေးယူဆောင်ရွက်မှုများ မပြုမီ ထိခိုက်နစ်နာသူကို အကြောင်းကြားကာ သဘောတူခွင့်ပြုချက် ရယူ ပါမည်။ UNOPS ၏ အဖွဲ့အစည်းအတွင်း စာရင်းစစ်နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ (IAIG) က SEA/SH ကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးသည်။

ဖော်ပြပါ ESMF မူဘောင်အား စီမံကိန်း၏ ယခင်အသုံးပြုနေသည့် မူဘောင်များအစား ပြောင်းလဲအသုံးပြုသွားမည်ဖြစ်ပြီး အထက်တွင် ဖော်ပြခဲ့သည့် စီမံကိန်းအတွက် ချမှတ်ထားသည့် မူလရန်ပုံငွေနှင့် ထပ်ဆောင်းရန်ပုံငွေ နှစ်ခုလုံးအတွက် အကျုံးဝင်မည် ဖြစ်သည်။